ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

သတင်းထုတ်ပြန်ချက်

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ လ (၃၀) ရက်

၁။ ၂၀၁၆ ခုနှစ်၊နိုဝင်ဘာလ (၃၀) ရက် နံနက် (၀၉း၀၀) နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စုပေါင်းခန်းမ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပခဲ့ရာ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေးဦးစီးဌာန) ၊ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ကထိကများနှင့် သင်တန်းသား/ သင်တန်းသူ(၂၉၈)ဦး တက်ရောက်ခဲ့ကြပါသည်။

၃။ အခမ်းအနားတွင် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ အောက်ပါ အချက်များကို မှာကြားခဲ့ပါသည်-

- စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးကို အခြေခံသည့် စနစ်ဖြစ်သောကြောင့် ကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများ ပေါ်ပေါက်လာပြီး လုပ်ငန်းများ၏ အောင်မြင်မှုသည် စာရင်းဇယားများပေါ်တွင် အခြေခံနေကြောင်း၊
- နိုင်ငံတော်၏ လူသားစွမ်းရည် အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းပညာ တတ်ကျွမ်းသူများ အများအပြား မွေးထုတ်ပေးခြင်း ဖြစ်ကြောင်း၊
- ပြည်ပမှ Grants, Aids, loans များ အများအပြားရရှိလျက်ရှိပြီး ယင်းငွေများဖြင့် ဆောင်ရွက်သော လုပ်ဆောင်ချက်များကို မှန်ကန်စွာစစ်ဆေးရန်အတွက် စာရင်းပညာရှင် အများအပြား လိုအပ်နေကြောင်း၊
- စာရင်းပညာရှင်များ အနေဖြင့် စာရင်းပညာဆိုင်ရာအရည်အချင်း အတွေ့အကြုံများ ပြည့်ဝ နေရန် လိုအပ်သည့်အပြင် စောင့်ထိန်းနေရမည့် ကျင့်ဝတ်သိက္ခာများ စည်းကမ်းများနှင့် အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊
- အောင်မှတ်အနေဖြင့် Major Subject, Minor Subject ခွဲခြားမှုမရှိဘဲ ရမှတ် (၄၀) ဖြစ်ကြောင်း၊
- စာမေးပွဲ၏ အဆင့်အတန်း အောင်မြင်သူများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ကြရန် လိုကြောင်း၊
- မိမိတို့၏ နားလည်တတ်ကျွမ်းမှုကို အဆင့်မြင့်မြင့် ပြသကြရန် လိုကြောင်း၊
- သင်တန်းသူ/သားများလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် စာမေးပွဲကို အကောင်း ဆုံးဖြေဆိုနိုင်ကြပြီး ထူးထူးချွန်ချွန် အောင်ပန်းဆွတ်ခူးနိုင်ကြပါစေကြောင်းပြောကြားရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

၄။ အခမ်းအနားကို နံနက် (၀၉း၃၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။